ရသစာတမ်းများလေ့လာချက်

# ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မစိုးစိုးစန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ကျမ်း၏အမည်မှာ 'ရသစာတမ်းများလေ့လာချက်' ဖြစ်သည်။ ဤကျမ်းတွင် မြန်မာစာပေနယ်ပယ်၌ ရသစာတမ်းများ မည်ကဲ့သို့ နေရာယူလာပုံ၊ ဖွံ့ဖြိုးတိုးတက်လာပုံတို့ကို လေ့လာတင်ပြထားသည်။ ထိုသို့ တင်ပြရာ၌ မြန်မာရသစာတမ်းများကို ၁၉၂၀ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိတစ်ပိုင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိတစ်ပိုင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်ထိတစ်ပိုင်းဟူ၍ ကာလသုံးခုခွဲကာ တင်ပြထားသည်။ တစ်ဖန် ရသစာတမ်းများ၏ အကြောင်းအရာအလိုက် အစု(၈)စုခွဲကာ ဖော်ပြထားသည်။ ယင်းတို့မှာ နိုးကြားရေးရသစာတမ်း၊ အတွေးအမြင်ရသစာတမ်း၊ အတ္ထုပ္ပတ္တိရသစာတမ်း၊ ခရီးသွားရသစာတမ်း၊ စာရိတ္တပြုပြင်ရေးရသစာတမ်း၊ နိုင်ငံရေးရသစာတမ်း၊ ကျေးလက်ပြုပြင်ရေးရသစာတမ်းနှင့် ဘဝအောင်မြင်ရေး ရသစာတမ်းတို့ဖြစ်သည်။ ယင်းအစု(၈)စုတွင် တွေ့ရသော ရသစာတမ်းများသည် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေသည့် တိုင်းကျိုးပြည်ပြု ရသစာတမ်းများဖြစ်သည်။